

ဟိုဘက်အိမ်က

# အခန်း (၁)

သူမ အိပ်ရာမှ ရုတ်တရက် လန့်နိုးလာခဲ့သည် ။ ဘာကြောင့် လန့်နိုးလာတာလဲ။ တဖျစ်ဖျစ် မြည်နေတဲ့ လောင်ကျွမ်းသံတွေ ကြောင့်လား။ ဒါမှ မဟုတ် လိမ္မော်ရောင်၊ အနီရောင် စူးရှတဲ့ မီးတောက်တွေရဲ့ အလင်းရောင်ကြောင့်လား။

ဆောင်းပြည့်စုံသည် အိပ်ရာပေါ်တွင် ဆတ်ခနဲ ထထိုင်လိုက်ရင်း ကြောက်ရွံ့တုန်လှုပ်သည့် မျက်လုံးအစုံဖြင့် သူမ၏ ပတ်ပတ်လည်ကို ဝန်းရံထားပြီးဖြစ်သော မီးတောက်မီးလျှံများကို ကြည့်နေမိသည် ။

မီးညွန့်မီးစွယ်များ သည် ကား သူမ၏ အခန်းတွင်းသို့ တိုးဝင်လာနေပြီ။ နံရံကပ် စက္ကူများ သည် မီးကျွမ်းကာ တွန့်လိမ်နေကြ၏။ အဝတ်အစား ဗီရိုတံခါးသည် ကား မီးအရှိန်ရနေသော ထင်းချောင်းတစ်ချောင်းမျှသာ ဖြစ်သွားလေပြီ။ ဗီရိုအတွင်းရှိ အဆင့်တစ်ခုမှ တစ်ခုသို့ မီးလျှံက ဟု န်းခနဲ ဟု န်းခနဲ ခုန်ကူးသွား၏။

နံရံရှိ ကိုယ်လုံးပေါ် မှန်ချပ်ကြီး တစ်ချပ်လုံးသည် ပင်လျှင် မီးတောက်မီးလျှံတို့ ၏ ဝါးမြိုခြင်းကို ခံနေရပေသည် ။ ဆောင်းပြည့်စုံသည် မီးလျှံတွေကြားမှ သူမ၏ ပုံရိပ်ကို လောင်ကျွမ်းနေဆဲ မှန်ချပ်ပေါ်တွင် မြင်နေရသည် ။

မီးတောက်များ သည် ကား တဟူးဟူးမြည်လျက် အခန်းတစ်ခုလုံး

ကို လျှင်မြန်စွာ ပြည့်နှက်သွားပေပြီ။

ပူလောင်စပ်ခါးသော မီးခိုးငွေ့များက အသက်ရှူပြွန်ထဲ အလုံးလိုက် အထွေးလိုက် ဝင်လာသောကြောင့် တဟွပ်ဟွပ် ချောင်းဆိုးလိုက်မိ၏။

အော်ဟစ်အကူအညီတောင်းရန်အတွက် အရမ်းကို နောက်ကျသွားခဲ့ပေပြီ။

သို့ရာတွင် ...။

ဆောင်းပြည့်စုံကား သေခါနီးဆဲဆဲ အချိန်ကလေးမှာ ပင် အပူရှိန်ကြောင့် သွေးရူးသွေးတန်း အော်ဟစ်မိလေတော့သည် ။

*****

တော်ပါသေးရဲ့ ။ ဒါဟာ အိပ်မက်ဖြစ်နေလို့ ။

ဆောင်းပြည့်စုံက စိတ်သက်သာရစွာ တွေးလိုက်ရင်း အိပ်နေရာမှ ထထိုင်လိုက်သည် ။ သူမ၏ ရင်ကား တဒုန်းဒုန်း ခုန်နေလျက်ပင် ရှိသေး၏။ အာခေါင်တွေလည်း ခြောက်ကပ်နေသည် ။

မီးတောက်မီးလျှံများ လည်း မရှိပါ။ အသက်ရှူ မွန်းကျပ်စေသော မီးခိုးငွေ့များ လည်း မရှိပါ။

အရာအားလုံးသည် အိပ်မက်သာလျှင် ဖြစ်၏။ ကြောက်စရာကောင်းသော အိပ်မက် တစ်ခုသာလျှင် ဖြစ်သည် ။

တကယ်ဖြစ်နေသည် နှင့် တူလွန်းလှသည် ။ သို့ရာတွင် အိပ်မက်တစ်ခုသာ ဖြစ်ပါ၏။

"ဟင်း ... အရမ်းကို ကြောက်ဖို့ ကောင်းတာပဲ"

ဆောင်းပြည့်စုံက သူမဘာသာ ရေရွတ်ညည်းတွားရင်း ခေါင်းအုံးပေါ် ပစ်လှဲချလိုက်သည် ။ ရင်ဘတ်ကို လက်ဖြင့်ဖိထားရင်း နှလုံးခုန်သံမှန်သွားသည် အထိ စောင့်နေလိုက်၏။ သူမ၏ မျက်လုံးများကမူ ဖွေးဆွတ်နေသော မျက်နှာကြက်ကို ငေးစိုက်ကြည့်နေမိသည် ။

အိပ်မက်၏ ခြောက်လှန့်မှုက ယခုတိုင်အောင် မပြေသေး။ ထို့ကြောင့် စိတ်သက်သာရာ ရလိုရငြား ရှာဖွေကြည့်နေလိုက်သည် ။

အခု ဘယ်နှနာရီ ထိုးပြီလဲ။

သူမ၏ မျက်လုံးများက စားပွဲတင်နာရီဆီသို့ အကြည့်ရောက်သွား၏ ။ ရှစ်နာရီ ဆယ့်ငါးမိနစ်သာ ရှိသေးသည် ။

ဘယ်လိုဖြစ်ပြီး ရှစ်နာရီဆယ့်ငါးပဲ ရှိရသေးတာလဲ။ ငါ့စိတ်ထဲမှာ ထင်နေတာကတော့ တစ်သက်လုံးစာ နေခဲ့ရသလိုပါပဲ။ ကြည့်စမ်းပါဦး။ ဒီနေ့ဟာ ဘယ်လိုနေ့မျိုးပါလိမ့်။

သူမ တွေးကြည့်နေစရာမလိုပါ။ ဒီလို နွေရာသီကျောင်းပိတ်ရက်များ သည် တစ်နေ့နှင့် တစ်နေ့ ဘာမှ မထူးခြားဘဲ ပျင်းရိငြင်းငွေ့စရာ ကောင်းလှကြောင်း အစောကြီးကတည်းက သိထားနှင့်ပြီး ဖြစ်သည် ။

အထူးသဖြင့် ဒီနှစ် နွေရာသီ ကျောင်းပိတ်ရက်သည် ဆောင်းပြည့်စုံအဖို့ ပို၍ အထီးကျန်ဆန်နေ၏။ အဘယ်ကြောင့် ဆိုသော် သူမ၏ ကျောင်းနေဖက် သူငယ်ချင်း အားလုံး လိုလိုပင် သူတို့ မိသားစုများ နှင့် အတူ အပန်းဖြေခရီးရှည် ထွက်သွားကြခြင်း ဖြစ်သည် ။ တချို့က ငပလီ၊ တချို့က ငွေဆောင်နှင့်ချောင်းသာ။ တချို့ကျတော့ ဘန်ကောက်အထိ

ဈေးဝယ် ထွက်ကြသည် ။

ဆောင်းပြည့်စုံ တစ်ယောက်တည်းမှာ သာ မိဘများက ဘယ်မှ မသွားသောကြောင့် ယောင်ချာချာနှင့် ကျန်နေ၏။ ဘာမှ လည်း လုပ်စရာမရှိ။ ပျင်းစရာကြီး။

ဆောင်းပြည့်စုံက ထိုသို့တွေးရင်း လေးတိလေးကန်ဖြင့် ခုတင်ပေါ်မှ ဆင်းလာသည် ။ ထို့နောက် သူမအနှစ်သက်ဆုံး အစိမ်းရောင် ဘောင်းဘီတိုနှင့် လိမ္မော်ရောင် တောက်တောက် တီရှပ်တို့ ကို ရွေးချယ် ဝတ်ဆင်လိုက်သည် ။ ( သူမက ထိုသို့ အရောင် တောက်တောက် များကိုသာ ရွေးပြီး ဝတ်တတ်လွန်းသဖြင့် သူမ၏ မိဘများက မကြာခဏ နောက်ပြောင်လေ့ ရှိသော်လည်း ဆောင်းပြည့်စုံက မှုတော့ပေ။ )

မီးဖိုထဲတွင် ကား သူမ၏ အမြွှာမောင်နှစ်ယောက်ဖြစ်သော တောက်တီးနှင့်တောက်တဲ့ တို့ က ဘောလုံးတစ်လုံးကို ဘော်လီဘောပုတ်တမ်း ကစားနေကြ၏။ သူတို့ နှစ်ယောက်က ထမင်းစားစားပွဲကို ပိုက်တားသလို အလယ်စည်းထားကာ ဟိုဘက်တစ်ယောက် ဒီဘက် တစ်ယောက် နေပြီး ဘောလုံးကို ပုတ်နေကြခြင်း ဖြစ်၏။

ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဝင်းက ကြက်ဥကြော်နေရာမှ လှမ်းပြီး

"ဟဲ့ ... ကလေးတွေ ၊ အိမ်ထဲမှာ ဘောလုံးမကစားပါနဲ့ လို့ နင်တို့ ကို ငါ ဘယ်နှခါ ပြောရမလဲ"

ထိုသို့ ဆူပူနေစဉ်မှာ ပင် ဆောင်းပြည့်စုံက သူမမိခင်၏ ကျောဘက်ဆီသို့ အသံမကြား ရအောင် တိတ်တိတ်ကလေး ချဉ်းကပ်သွားလိုက်ပြီး နောက်မှ နေ၍ သိုင်းဖက်လိုက်၏။

"အမလေး.. မိဆောင်း၊ ကြက်ဥကြော်တွေ မှောက်ကုန်လိမ့်မယ်၊ ဖယ်စမ်း ... ဖယ်စမ်း"

အမြွှာနှစ်ကောင်ကလည်း သူတို့ မိခင်၏ အသံကို အတုခိုးပြီး "ဖယ်စမ်း ... ဖယ်စမ်း"ဟု ဝိုင်းအော်ကြ၏။ ထိုစဉ်မှာ ပင် တောက်တီး၏ ဘောလုံးသည် တောက်တဲ့ ဆီမရောက်ဘဲ နံရံကို ထိမှန်ပြီး ပြန်ကန်ထွက်လာသည် ။ မီးဖိုပေါ်ရှိ ဒယ်အိုးနှင့် တစ်လက်မခန့်သာ ကပ်၍ လွဲသွား၏။

ဒါကိုပင်အမြွှာနှစ်ကောင်က ဝမ်းသာအားရ လက်ခုပ်များ တီးနေကြသေး၏။ မိခင်ဖြစ်သူက ...

"အောင်မယ် ၊ ဒါ ပျော်စရာများ မှတ်နေလား ။ ကြက်ဥကြော်နေတဲ့ ဒယ်အိုးထဲကို ဘောလုံး ဝင်သွားရင် နင်တို့ ပဲ စားရမယ်မှတ်"

သူတို့ ကို ဆူသည့်စကား ကြားရပြန်တော့လည်း အမြွှာနှစ်ကောင်မှာ ဝမ်းသာအားရ အူလှိုက်သည်းလှိုက် ရယ်မောပြန်လေတော့၏။

သူတို့ ဒီကနေ့ တော်တော် အူရွှင်နေကြတယ်ဟု ဆောင်းပြည့်စုံက တွေးလိုက်၏။ အမြွှာနှစ်ကောင်သာလျှင် မဟုတ်ပါ။ သူမ ကိုယ်တိုင်သည် လည်း ဒီကနေ့ ထူးထူးခြားခြား ရွှင်လန်းနေသည် မဟုတ်လား။ ကြောက်လန့်ဖွယ်ရာ အိပ်မက်ဆိုးမှ နိုးထလိုက်ရသော စိတ်သက်သာရာရမှုကြောင့် များ လားတော့ မပြောတတ်။

ဆောင်းပြည့်စုံက သူမ၏ အိပ်မက်အကြောင်း မိခင်ဖြစ်သူကို ပြောပြမည်ဟု စိတ်ကူးလိုက်၏။ သို့သော် သူမ၏ နှုတ်မှ စကားတစ်လုံးမျှ မထွက်ရသေးခင်မှာ ပင် မိခင်ဖြစ်သူက

"အင်း ... .ငါ့သမီးလည်း ဒီနှစ်နွေရာသီမှာ တော်တော်ပျင်းမှာ ပဲ နော်။ အမေတို့ လည်း သမီးကို ငွေဆောင်ဖြစ်ဖြစ် ချောင်းသာဖြစ်ဖြစ် ပို့ပေးချင်ပါတယ်ကွယ်။ ဒါပေမဲ့ ... သိတဲ့ အတိုင်းပဲ ၊ အခုတလော ပိုက်ဆံက သိပ်မချောင်လည်တာနဲ့ ... ."

"အို ... ကိစ္စမရှိပါဘူး မေမေ၊ သမီး မပျင်းပါဘူး ။ နေတတ်ပါတယ်။ ပျင်းတဲ့ အခါ ကျတော့လည်း ဟိုနားဒီနား စက်ဘီးလျှောက်စီးတာပေါ့။ ဒါမှ မဟုတ်ရင်လည်း မောင်လေးတွေကို ထိန်းရတာ ပျော်စရာကောင်း ပါတယ်"

သူမ ထိုသို့ ပြောနေစဉ်မှာ ပင် တောက်တီးနှင့်တောက်တဲ့ က ထမင်းစားခန်း ကြမ်းပြင်ပေါ်တွင် နပန်းလုံးရင်း တစ်ဦးနှင့်တစ်ဦး သတ်ပုတ်နေကြလေပြီ။

"ဟဲ့ ... ဟဲ့ ... ကလေးတွေ တော်ကြစမ်း"

သူတို့ မိခင်ဖြစ်သူက ဟန့်လိုက်၏။ ဆောင်းပြည့်စုံက ရေခဲသေတ္တာကို ဖွင့်လိုက်ရင်း..

"တောက်တီးနဲ့ တောက်တဲ့ လာ လာ ... မမဆီကို လာ၊ ဟောဒီမှာ လိမ္မော်ရည် သောက်မလား ၊ နို့သောက်မလား"

"သားက လိမ္မော်ရည်"

"သားက နို့သောက်မယ်"

ဆောင်းပြည့်စုံတစ်ယောက် တကယ်ပင် စိတ်ကောင်း ဝင်နေလေသည် ။ ခါတိုင်းဆိုလျှင် အမြွှာနှစ်ယောက်အား အော်ထုတ်လိုက်မိမည် ဖြစ်သော်လည်း အခုတော့ လိမ္မော်ရည် တစ်ဘူးနှင့် နို့တစ်ဘူးစီ ထုတ်ယူပြီး ကမ်းပေးလိုက်သည် ။

နံနက်စာ စားပြီးသောအခါ ဆောင်းပြည့်စုံက သူမ၏ မိခင်ကို ကူညီ၍ ပန်းကန်ခွက်ယောက်များ ဆေးကြောပေးသည် ။ မိခင်ဖြစ်သူက ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်ရင်း ...

"နေတော်တော် သာတာပဲနော်။ တိမ်တောင်တစ်မျှင်မှ မရှိဘူး။ ကောင်းကင်က ကြည်လင်နေတာပဲ" ဟု ပြောလိုက်သည် ။

ထိုအခါမှ ဆောင်းပြည့်စုံလည်း စိတ်ကူးရသွားပြီး ...

"မေမေ သမီးလည်း စက်ဘီး လျှောက်စီးလိုက်ဦးမယ်။ သိပ်နေမမြင့်ခင် ပြန်ခဲ့မယ်နော်"

သူမက အိမ်ဘေးတံခါးမှ ထွက်လာခဲ့သည် ။ ကားဂိုဒေါင်ရှိရာ ဆီသို့ လျှောက်လာခဲ့သည် ။ ထို့နောက် စက်ဘီးကို ထုတ်ယူကာ အိမ်ရှေ့လူသွားလမ်းလေးအတိုင်း နင်းလာခဲ့တော့၏။

စက်ဘီးကို နင်းလာရင်း မျက်နှာကို လေတိုးသည့် အရသာကို ခံစားနေရသည် ။ ဆောင်းပြည့်စုံက ကြည်လင်ပြာလဲ့နေသော ကောင်းကင်ကြီးဆီကို မော့ကြည့်လိုက်၏။ နေရောင်ခြည်က သူမ၏ မျက်နှာပေါ်သို့ နွေးထွေးစွာ ကျရောက်လာသည် ။

"ဟိတ် ... သတိထား ၊ တိုက်မယ် ... .တိုက် ... "

သတိပေးအော်ဟစ်သံကို ကြားလိုက်ရပြီး သူမ၏ နောက်ကျောတွင် စူးရှနာကျင်စွာ ခံစားလိုက်ရသည် ။

"အား"

တစ်ချက်သာ အော်နိုင်ပြီး မြေပြင်ပေါ်သို့ သူမ ပစ်လဲ ကျသွားလေတော့သည် ။

*****

# အခန်း ( ၂ )

ဆောင်းပြည့်စုံက မြေပြင်ပေါ် လဲကျနေရာမှာ ကြိုးစားပြီး ကုန်းရုန်းကာ ထလိုက်သည် ။ ထို့နောက် သူမကို ဝင်တိုက်သောအရာကို ကမန်းကတန်း လှည့်ကြည့်လိုက်၏။

စက်ဘီးစီးလာသော လူငယ်လေးတစ်ယောက်။

သူက စက်ဘီးပေါ်မှ အလျင်အမြန် ဆင်းလိုက်သည် ။ ထို့နောက် သူ့စက်ဘီးကို မြေပြင်ပေါ်၌ လှဲထားလိုက်ပြီး သူမထံသို့ လျှောက်လာကာ

"ဆောရီးနော် ... မတော်လို့ ပါ။ ကျွန်တော် ခင်ဗျားလာတာကို မမြင်လိုက်မိဘူး"

ဆောင်းပြည့်စုံ စိတ်တိုချင်သလိုလို ဖြစ်သွား၏။ ကြည့်စမ်းပါဦး ၊ ဒီလောက် အစိမ်းရောင်နဲ့ လိမ္မော်ရောင် တောက်တောက် ဝတ်ထားတဲ့ ဥစ္စာကို မမြင်ဘူးဆိုတာပဲ ရှိရသေးတယ်။

သူမက ဖုတ်ဖတ်ခါ ထလိုက်ရင်း

"စက်ဘီးစီးတာ ကြည့်စီးမှ ပေါ့"

"ကျွန်တော် မြင်မြင်ချင်း ဘရိတ်ဖမ်းပါသေးတယ်။ မမီတော့လို့ ပါ"

ဆောင်းပြည့်စုံက ခါးကို ထောက်လိုက်ရင်း ...

"ဒါနဲ့ နေစမ်းပါဦး ၊ နင်က ငါ့လမ်းထဲမှာ ဘာကိစ္စ စက်ဘီးတစ်စီးနဲ့

လမ်းသလား နေရတာလဲ"

ထိုလူငယ်က အံ့ဩတကြီး ကြည့်ရင်း ပြန်မေးလိုက်၏။

"ဘာ ... .ခင်ဗျားလမ်း ၊ ဟုတ်လား"

"ဟုတ်တယ်လေ ... ငါက ဒီလမ်းထဲမှာ မွေးကတည်းက နေလာတာ "

ထိုအခါလူငယ်က သူမ၏ ၏ နေအိမ်ဘက်သို့ လက်ညှိုးထိုးပြရင်း

"ဒါဆို ခင်ဗျားက ဟောဟိုက အိမ်မှာ နေတာပေ့ါ ဟုတ်လား"

ဆောင်းပြည့်စုံက ခေါင်းညိတ်ပြလိုက်သည် ။ ထို့နောက် ပြန်မေးလိုက်၏။

"နင်ကကော ဘယ်မှာ နေတာလဲ"

" ခင်ဗျားနဲ့ ခြံချင်းကပ်လျက်က အိမ်မှာ လေ"

ဟု ဖြေရင်း လူငယ်က သူမ၏ ခေါင်းရင်းဘက်ရှိ ဘိုဆန်ဆန် ဆောက်ထားသော တစ်ထပ်တိုက်လေး ဆီသို့ လက်ညှိုးညွှန်ပြသည် ။

သူ့အဖြေကြောင့် ဆောင်းပြည့်စုံတစ်ယောက် အလန့်တကြား ဖြစ်သွားသည် ။ ထို့ကြောင့် ...

"ဘာ ... မဖြစ်နိုင်တာ၊ အဲဒီအိမ်မှာ ဘယ်သူမှ မနေကြဘူးလေ။ ဦးလေးသောင်းတို့ တစ်မိသားစုလုံး ပြောင်းသွားပြီးကတည်းက အဲဒီအိမ်မှာ ဘယ်သူမှ မနေကြတော့ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာ လဲ၊ အခု အဲဒီအိမ်မှာ ကျွန်တော်နဲ့ ကျွန်တော့် အမေ နေနေတယ်လေ"

ဆောင်းပြည့်စုံကတော့ မယုံနိုင်စွာ အဲဒီကောင်လေးကို စိုက်ကြည့်

နေမိသည် ။

ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာ တဲ့ လဲ။ သူမ၏ ခြံခေါင်းရင်းက အိမ်ကို သူမကိုယ်တိုင် လုံးဝမသိလိုက်ရဘဲ မိသားစုတစ်စု ပြောင်းလာသည် ဆိုခြင်းမှာ အဓိပ္ပာယ်မရှိသော အဖြစ်အပျက် တစ်ခုပင်။

ပြီးတော့ မနေ့ကပင်လျှင် အမြွှာနှစ်ယောက်နှင့်အတူ ခြံနောက်ဖေး တွင် သူမ ထွက်ပြီး ကစားခဲ့သေးသည် ။ အဲသည် တုန်းကတော့ ထိုအိမ် တစ်အိမ်လုံးသည် မှောင်မည်းကာ တိတ်ဆိတ် နေခဲ့သည် တည်း။

"နင့်နာမည် ဘယ်လိုခေါ်သလဲ"

ဆောင်းပြည့်စုံက မေးလိုက်သည် ။ ထိုလူငယ်က

"စည်သူဇော်"

ဆောင်းပြည့်စုံကလည်း သူမ၏ နာမည်ကို ပြောပြလိုက်သည် ။ ထို့ နောက်

"အခုဆိုရင် ငါတို့ ဟာ အိမ်နီးနားချင်းတွေ ဖြစ်သွားကြပြီပေါ့နော်။ ငါကတော့ အသက် ၁၈ နှစ်ရှိပြီ။

နင်ကော ... "

စည်သူဇော်က ...

"ကျွန်တော်လည်း အတူတူပဲ"

ဟု ပြန်ဖြေ၏။

ထို့နောက် သူက သူ့စက်ဘီးကို လှဲထားရာမှ ပြန်ကောက်ယူလိုက်သ ည် ။ ပေကျံကပ်ငြိနေသော မြက်ပင်ငယ်လေးများကို ဂရုတစိုက် ဖယ်ရှား ပွတ်သပ်နေသည် ။ နောက် ..သူက

"အရင်တုန်းက ဘာဖြစ်လို့ များ ကျွန်တော် ခင်ဗျားကို မတွေ့ခဲ့မိပါလိမ့်"

ဆောင်းပြည့်စုံကလည်း သံသယဖြင့် ...

"ငါကလည်း နင့်ကို ဘာဖြစ်လို့ သတိမထားမိသလဲဆိုတာ စဉ်းစားနေတာ"

စည်သူဇော်က ပခုံးကိုသာ တွန့်ပြလိုက်၏။ သူက သူ့စက်ဘီးကို ပွတ်တိုက် သန့်ရှင်းရန်အတွက်သာ အာရုံစိုက်နေပုံရလေသည် ။ ဆောင်းပြည့်စုံက ထပ်မေးလိုက်၏။

"နင် ဒီကို ပြောင်းလာတာ ဘယ်လောက်ကြာပြီလဲ"

စည်သူဇော်က စက်ဘီးဆီမှ အကြည့်မလွှဲဘဲ အရေးမကြီးသလို မပွင့်တပွင့် ပြန်ဖြေ၏။

"နည်းနည်းတော့ ကြာပြီ"

မဖြစ်နိုင်တာပဲ ဟု ဆောင်းပြည့်စုံက တွေးလိုက်၏။ ငါမသိဘဲနဲ့ ငါ့အိမ်ဘေးကို မိသားစုတစ်စု ပြောင်းလာဖို့ ဆိုတာ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်ဘူး။

သို့သော် သူမ ဘာမှ ထပ်မပြောနိုင်ခင်လေးမှာ ပင် သူမ၏ နာမည်ကို အသံစူးစူးလေးဖြင့် ခေါ်လိုက်သော တောက်တဲ့ ၏ အော်သံကို ကြားလိုက်ရသဖြင့် အိမ်ဘက်ဆီသို့ နောက်ပြန် လှည့်ကြည့်လိုက်သည် ။

"မမရေ ... ငါတို့ ပုတ်နေတဲ့ ဘောလုံး ၊ အိမ်ခေါင်မိုးပေါ် တင်သွားလို့ လာယူပေးပါဦး"

အမြွှာနှစ်ကောင်က ခြံဝင်းတံခါးဝမှ နေ၍ လှမ်းအော်ခေါ်နေကြသ

ည် ။ ဆောင်းပြည့်စုံက ...

"အမေ မရှိဘူးလား ၊ အမေ့ကို သွားခေါ်လေ ၊ အမေယူပေးလိမ့်မယ် "

"ပြီးရော ... ပြီးရော"

အမြွှာနှစ်ကောင်က ဆောင့်ကြီးအောင့်ကြီး ပြောရင်း အိမ်ထဲသို့ ဝင်ပြေးသွားကြသည် ။

ဆောင်းပြည့်စုံက စည်သူဇော်နှင့် စကားဆက်ပြောရန် အတွက် ဒီဘက်သို့ ပြန်လှည့်လိုက်သည် ။

သို့သော် စည်သူဇော်ကား မရှိတော့ပြီ။

ကိုယ်ပျောက်သလို ရုတ်ခြည်း ပျောက်ကွယ်သွားခဲ့လေပြီတည်း။

*****